ဓမ္မလမ်းစာစဉ်

# ဝဋ်သုံးပါး လည်ပုံရပုံ



◆ ◆ ◆ ◆ ◆

ဒေါက်တာစိုးလွင် (မန္တလေး)

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား

ဤမြေမှစာစုဖြင့် ရှိသေစွာ ကန်တော့ပါ၏။

# ဝင်္ဂသုံးပါး လည်ပုံ ရပ်ပုံ

ဒေါက်တာ စိုးလွင် (မန္တလေး)

# “ဝင်္ဂသုံးပါးလည်ပုံ ရပ်ပုံ”

၁၆-ရက် ၇-လ ၂၀၁၂-ခုနှစ်

(၆၂)လမ်း-တကောင်းကျောင်းတိုက်

ဝိပဿနာအလုပ်တရားအားထုတ်တယ်ဆို တာ အဓိကတော့ ကိလေသာကိုပယ်တာပဲ၊ ကိလေသာ ပယ်တဲ့အလုပ်ပဲ၊ ကိလေသာတို့ သမုဒယတို့ တဏှာ တို့ ဥပါဒါန်တို့ လောဘတို့ နာမည်တွေ အများကြီး ပေးတယ်။ နာမည်တွေများ နေပေမယ့် အဓိကအချက် ကို သဘောပေါက်ရမယ်။ ကိလေသာဆိုတာ လောဘ တွေ၊ ဒေါသတွေ၊ မောဟတွေ အကုန်ကိလေသာပေါ့။ ကိလေသာဘာကြောင့်ဖြစ်တာလဲ၊ ကိလေသာကို ဘာကြောင့်ပယ်ချင်တာလဲဆိုတော့ ကျွန်တော်တို့ အားလုံး မျက်မှောက်ပြုချင်တဲ့ နိဗ္ဗာန်ဟာ ကိလေသာ ငြိမ်းတဲ့နိဗ္ဗာန်နဲ့ ခန္ဓာငြိမ်းတဲ့နိဗ္ဗာန် နှစ်မျိုးပဲရှိတယ်၊ အဲဒီမှာ ကိလေသာငြိမ်းတာနဲ့ ခန္ဓာက ငြိမ်းပြီးသားကပဲ၊ ခန္ဓာငြိမ်းတဲ့နိဗ္ဗာန်ကို အထူးအားထုတ်စရာမလိုဘူး၊

ကိလေသာငြိမ်းလိုက်တာနဲ့ ခန္ဓာ ငြိမ်းတယ်။ ဒီတော့ ကျွန်တော်တို့ လိုချင်တဲ့နိဗ္ဗာန်က ဘာနိဗ္ဗာန်လဲဆိုတော့ ကိလေသာငြိမ်းတဲ့နိဗ္ဗာန်၊ ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ရဘို့အတွက် ကိလေသာကိုပယ်ရတာပဲ။

ကိလေသာဆိုတာ စိတ်ကိုညစ်ညူးစေတယ်။ ကိလေသာက အမျိုးမျိုးရှိတယ်။ ဒါပေမဲ့ ကိလေသာဖြစ်ကြောင်း၊ ကိလေသာဘာကြောင့် ဖြစ်ရတာလဲလို့ ဆန်းစစ်ကြည့်ရင်၊ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ကို သွားတွေ့တယ်၊ ကိလေသာဖြစ်ကြောင်းက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပဲ၊ သူ့ပယ်ရတာပဲ၊ ဒီတော့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တော့ဟုတ်ပြီ၊ ဒါကစာပေလိုပြောတာ၊ အဝိဇ္ဇာကြီး ပြစမ်းပါဆိုတော့ ပြလို့လဲမရဘူး၊ တဏှာပြစမ်းပါဆိုလဲ ပြလို့မရဘူး၊ ဥပါဒါန်ပြပါဆိုလဲ ပြလို့မရဘူး၊ ဒီတော့ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ဆိုတာ ကတော့ ပရမတ်ပဲ၊ ဒါကို အရင်တုံးက စာလိုသင်ဘူးတယ်။

လောက ဥပမာနဲ့ဆို လျှပ်စစ်ဓါတ်ကို ပြပါဆိုရင်

ပြလို့မရဘူး၊ လျှပ်စစ်ဓါတ်မရှိဘူးလား၊ ရှိတယ်၊ ရှိကြောင်းဘယ်လိုသိလဲ၊ ပလပ်ပေါက်ထဲကို လက်နှိုက်ပြီး မီးခလုပ်ဖွင့်ကြည့်၊ ကျဉ်တက်သွားလိမ့်မယ်၊ ဒါဆိုရင်တော့ လျှပ်စစ်ဓါတ်ရှိတယ်၊ လျှပ်စစ်ဓါတ်ကို တော့ တိုက်ရိုက်ပြလို့မရဘူး။ လျှပ်စစ်ဓါတ်ရှိကြောင်း လက္ခဏာကိုတော့ သိလို့ရတယ်။ ဒီအတိုင်းပဲ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ဆိုတဲ့ ကိလေသာဖြစ်ကြောင်း ကို လျှပ်စစ်ဓါတ်လိုပဲ သူတို့ကလည်းဓါတ်တွေပဲ၊ တိုက်ရိုက်ပြလို့မရဘူး။ အဝိဇ္ဇာ- တဏှာ-ဥပါဒါန် ရှိကြောင်းကို လက္ခဏာအနေနဲ့တော့ သိခွင့်ရတယ်၊ အဲဒီလက္ခဏာကဘာလဲ ပုဂ္ဂိုလ်သတ္တဝါလို့ ယူလိုက်လို့ ရှိရင် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ဖြစ်သွားတာပါပဲ။

## "ပုဂ္ဂိုလ်သတ္တဝါသဘော"

ပုဂ္ဂိုလ်သတ္တဝါ ဒြပ်ဝတ္ထုတွေမှာ အဓိကအချက် က ပုဂ္ဂိုလ်သတ္တဝါလို့ ယူလိုက်တာနဲ့ ဘာဖြစ်သွားလဲ၊ အဝိဇ္ဇာ-တဏှာ-ဥပါဒါန် အဲဒီဓါတ်(၃)ပါးရှိသွားပြီ။

အဲဒီလိုသိရတယ်၊ ပလပ်ပေါက်ထဲကိုလက်နှိုက်၊ ခလုပ်ဖွင့်ကြည့်၊ ကျဉ်တက်သွားမယ်၊ ကျဉ်တာက တော့ လျှပ်စစ်ဓါတ်ဘယ်ဟုတ်မလဲ၊ ဒါပေမယ့် လျှပ်စစ်ဓါတ် ရှိကြောင်းလက္ခဏာ၊ ဒီလိုလက္ခဏာတွေ့လို့ ရှိရင် ဒီထဲမှာ လျှပ်စစ်ဓါတ်ရှိတယ်၊ ဒီအတိုင်းပဲ အဝိဇ္ဇာ-တဏှာ-ဉပါဒါန်ဆိုတဲ့ဓါတ်၊ အဝိဇ္ဇာဓါတ်၊ တဏှာဓါတ်၊ ဉပါဒါန်ဓါတ်တွေပြပါဆိုရင် ပြလို့တော့ မရဘူး။ ဒါပေမဲ့ ပုဂ္ဂိုလ်သတ္တဝါ အယူအစွဲတွေ ကျွန်တော်တို့မှာရှိတယ်လို့သိလိုက်တာနဲ့ ကျွန်တော် တို့မှာ အဝိဇ္ဇာ တဏှာ ဉပါဒါန်ဓာတ်တွေ ရှိနေတယ်၊ ဒီတော့ ပုဂ္ဂိုလ်သတ္တဝါဆိုတာ လက္ခဏာ၊ အဲဒီလို ယူလိုက်တာနဲ့ ကျွန်တော်တို့ မှာဘာရှိနေလဲ၊ အဝိဇ္ဇာ- တဏှာ-ဉပါဒါန်၊ ဒါဆို ကျွန်တော်တို့ ကိလေသာ ဖြစ်ကြောင်းကို သိရတယ်၊ အဲဒါကိုပယ်လိုက်ရုံပဲ။

## “ကိလေသဝဋ်”

ဒါကြောင့်မို့ ပခုက္ကူဆရာတော်ဘုရားကြီးက

'သတ္တဝါမရှိသောအသိသာ လိုရင်းဖြစ်သည်'လို့ ဟော
ကြားဆုံးမတယ်။ သတ္တဝါမရှိဘူးဆိုတဲ့ တကယ့်အမှန်
တရားကိုသိသွားရင် ကိလေသာဖြစ်ကြောင်းတွေ
ပယ်ပြီးဖြစ်တဲ့အတွက် အဝိဇ္ဇာ-တဏှာ-ဥပါဒါန်တွေ
မရှိတော့ဘူး။ ဒါဆို ကိလေသာတွေချုပ်ငြိမ်းသွား
တာပဲ။ ဟုတ်လား၊ အဲဒီ အဝိဇ္ဇာ-တဏှာ-ဥပါဒါန်ကို
ကိလေသဝဋ်လို့ခေါ်တာ။

ကိလေသဝဋ်ပယ်လိုက်တာနဲ့ကံတွေမဖြစ် တော့
ဘူး၊ ဒါဆို ကမ္မဝဋ်ချုပ်ငြိမ်းတာပဲ၊ ပုဂ္ဂိုလ်သတ္တဝါ အယူ
နဲ့ ကျွန်တော်တို့က အခုဘာလုပ်နေကြလဲ၊ ကာယကံမှု
ဝစီကံမှု မနောကံမှုတွေနဲ့ ပြောဆို ဆက်ဆံ နေကြ
တယ်။ ဘယ်လိုဆက်ဆံတာလဲ၊ ပုဂ္ဂိုလ်သတ္တဝါ အယူနဲ့
ပြောဆိုဆက်ဆံတာ၊ ဒါကြောင့် ပုဂ္ဂိုလ်သတ္တဝါ အယူ
ကကိလေသဝဋ်၊ အဲဒီပုဂ္ဂိုလ်သတ္တဝါအယူနဲ့ ပုဂ္ဂိုလ်
သတ္တဝါတွေရဲ့အလိုတိုင်း ကာယကံမှု၊ ဝစီကံမှု
မနောကံမှုတွေလဲလုပ်ရော ကုသိုလ် အကုသိုလ်ကံ

တွေဖြစ်တော့ ကမ္မဝဋ်ဖြစ်သွားတာ၊ ဒီတော့ ကိုယ်က အခုဘာလုပ်နေလဲ ကိလေသဝဋ်နဲ့ ကမ္မဝဋ်လုပ်နေတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အားလုံးက မြင်လိုက်တွေ့လိုက်ကတည်းက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ စိတ်ထဲမှာ အယူဖြစ်သွားပြီ၊ အယူဖြစ်သွားတဲ့အခါကျတော့ ကျွန်တော်တို့မှာ ပုဂ္ဂိုလ်သတ္တဝါအလိုနဲ့ပဲ ကာယကံမှု ဝစီကံမှု မနောကံမှုတွေ လုပ်နေကြတယ်။

## "ကမ္မဝဋ်"

လုပ်တော့ဘာဖြစ်လဲ၊ ကုသိုလ်အကုသိုလ်ကံတွေဖြစ်တယ်၊ အဲဒါ ကမ္မဝဋ်ပဲ၊ ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဆိုတာ ဒီလိုနားလည်ရင်လည်း ပြီးသွားတာပဲ၊ ဒီတော့ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ ကောင်းတာတွေလုပ်ရင် ကုသိုလ်ဖြစ်တာပေါ့၊ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ မကောင်းတာတွေလုပ်ရင် အကုသိုလ်ဖြစ်တယ်။ ကျွန်တော်တို့က ကုသိုလ်ဖြစ်လိုက် အကုသိုလ်ဖြစ်လိုက်ပဲ၊ အဲဒါ

ကိလေသဝဋ်နဲ့ကမ္မဝဋ်၊ ဒီတော့ ကိလေသာဝဋ်ကို ပယ်လိုက်၊ ပုဂ္ဂိုလ်သတ္တဝါအယူ မယူနဲ့တော့၊ ပုဂ္ဂိုလ်သတ္တဝါအယူမရှိဘဲနဲ့ ဉာဏ်နဲ့ယှဉ်ပြီး ပြောသင့်တာလေးတွေ ပြောတယ်၊ လုပ်သင့်တာလေးတွေ လုပ်တယ်၊ တွေးသင့်တာ တွေးတယ်ပေါ့၊ ကြံသင့်တာကြံတယ်ဆိုရင် ကံမဖြစ်တော့ဘူးပေါ့။ (ကိလေသာချုပ်တာနဲ့ကံချုပ်တယ်)၊ ဒါဆို ပြောကာမျှ လုပ်ကာမျှ ကြံကာမျှ ဖြစ်သွားတယ်။

## "အကြောင်းချုပ်ရင် အကျိုးချုပ်တယ်"

ကိလေသာ ချုပ်ရင် ကံချုပ်တယ်၊ ကံချုပ်တာနဲ့ နောက်ဘဝ နောက်ခန္ဓာချုပ်သွားတာပဲ၊ နောက်ဘဝ နောက်ခန္ဓာ ချုပ်သွားတာက ဘာဖြစ်သွားတာလဲ၊ ကံကအကြောင်း နောက်ဘဝ နောက်ခန္ဓာက အကျိုးဖြစ်တဲ့အတွက် ဝိပါကဝဋ်လို့ခေါ်တယ်၊ အဲဒီတော့ ကိလေသဝဋ်ချုပ်လိုက်တာနဲ့ ကမ္မဝဋ်ချုပ်၊ ကမ္မဝဋ်ချုပ်တာနဲ့ နောက်ဘဝနောက်ခန္ဓာဆိုတဲ့ ဝိပါကဝဋ်လဲ

ချုပ်သွားတာပေါ့၊ အဲဒါဝဋ်သုံးပါးချုပ်တာပဲ၊ ဒါကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးက တရားသိမ်းရင် **'ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်ကြီးအပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း'** ဆိုပြီးတော့ တရားသိမ်းလေ့ရှိတယ်၊ ဒီတော့ ကိလေသဝဋ်ဆိုတာ ပုဂ္ဂိုလ် သတ္တဝါလို့ယူတဲ့အယူကို ပယ်လိုက်တာနဲ့ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ အားထုတ်တဲ့ ကံတွေ မဖြစ်တော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ အားထုတ်တဲ့ကံတွေ ဖြစ်မှ (မျိုးစေ့လိုပေါ့) ကျွန်တော်တို့ ဥပမာနဲ့စဉ်းစားကြည့်၊ သရက်မျိုးစေ့ ကဘာပေါက်မလဲ၊ သရက်ပင်ပဲ ပေါက်မှာ။ ပုဂ္ဂိုလ် သတ္တဝါအယူနဲ့လုပ်တဲ့ကံတွေက အကျိုးပေးရင် ဘာဖြစ်မလဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲ အကျိုးပေးမှာပေါ့။ သူ့အကြောင်းနဲ့သူ့အကျိုးပဲ။

## "မျိုးစေ့နှင့်အပင်"

ကျွန်တော်တို့က အခု ကုသိုလ်တွေလုပ်လဲ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့လုပ်တာလေ။ လုပ်တော့ အကျိုးပေးလို့ရှိရင်လဲ ကောင်းတဲ့နေရာမှာ ပုဂ္ဂိုလ်သတ္တဝါ တွေသွားဖြစ်တာပဲ၊ မကောင်းတာတွေလုပ်လဲ ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ပဲလုပ်တဲ့အတွက် မကောင်းတဲ့နေရာမှာပဲ ပုဂ္ဂိုလ်သတ္တဝါသွားဖြစ်တာပဲ။ သူ့မျိုးစေ့နဲ့သူသွားဖြစ်တာပဲလေ၊ သိပ်မခက်လှပါဘူး၊ တခါတလေကျ အများကြီးသွားစဉ်းစားနေလို့ပါ၊ ကျွန်တော်တို့က ဉာဏ်တွေဖြစ်အောင် ကြိုးစားရတယ်၊ သဘာဝကိုတကယ်ရောက်လာတဲ့အခါ သဘာဝကြီးကို သူ့သဘောအတိုင်း မြင်သွားတော့ လွယ်သွားတာပေါ့၊ သဘာဝကိုပဲသိရတာပါပဲ။

## "သူ့သဘောသူဆောင်တဲ့သဘာဝ"

ကိလေသဝဋ်နဲ့ ကမ္မဝဋ်ဆိုတာဒါပါပဲ၊ ကိလေသဝဋ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါလို့ အယူယူထားတယ်၊

ဒါကို ကျွန်တော်တို့က ကိလေသဝဋ်လို့မသိဘူး၊ ကိလေသာလို့ကို မသိဘူး၊ အခု ကျွန်တော်တို့ ကုသိုလ်တွေ လုပ်တယ်၊ ငါဘုန်းကြီးကိုသွားလှူမယ်၊ ဘုရားကို သွားလှူမယ်၊ ငါကလှူမှာလေ၊ ပုဂ္ဂိုလ် သတ္တဝါအယူနဲ့ ကုသိုလ်အလှူတွေ လုပ်တဲ့အတွက် ကုသိုလ်ကံတွေ ဖြစ်တယ်၊ အဲဒီကုသိုလ်ကံထဲမှာ ဘာဓါတ်တွေ ပါသွားလဲ၊ ပုဂ္ဂိုလ်သတ္တဝါ ဓါတ် တွေပါသွားပြီ၊ ဒါကြောင့် ဒီကုသိုလ်ကံအကျိုးပေးတဲ့ နေရာတွေမှာ ကိုယ်က ဘာ သွားဖြစ်လဲ ပုဂ္ဂိုလ်သတ္တဝါ သွားဖြစ်တာပဲ၊ အဲဒါကို လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မချမ်းသာလို့ ပြောကြတော့ စာလိုဖြစ်သွားတာ၊ ကိုယ်ကမကောင်းတာ တွေလုပ်လဲ ငါသူတစ်ပါး ပုဂ္ဂိုလ်သတ္တဝါအယူနဲ့ လုပ်တာပဲ၊ လုပ်တော့ ဒီအကု သိုလ်ကံတွေကလဲ အကျိုးပေးရော၊ အဲဒီနေရာမှာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်သွားဖြစ်တာပဲ။

## "ဝဋ်(၃)ပါးလည်ပုံ"

ဒီတော့ ပုဂ္ဂိုလ်သတ္တဝါအယူရှိနေသမျှတော့ ပုဂ္ဂိုလ်သတ္တဝါ (၃၁)ဘုံထဲက ဘယ်လွတ်မလဲ၊ နိဗ္ဗာန် ဘယ်ရမလဲ၊ အဲဒါဘဲ ဝဋ်သုံးပါးဆိုတာ၊ ဝဋ်သုံးပါးကလဲ ဒီအတိုင်းပြောတော့ သဘောပေါက်နိုင်တာပဲ၊ နို့မို့ဆိုရင် သိပ်ခက်နေပြန်ရော၊ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်၊ ဒီကံကြောင့် ဘာတွေဖြစ်ပြန်လဲ ဝိပါက ဝဋ်ဆိုတဲ့ နောက်ဘဝနောက်ခန္ဓာတွေဖြစ်တယ်၊ နောက်ဘဝတွေဖြစ်တဲ့အခါကျလဲ အဲဒီနောက်ဘဝ နောက်ခန္ဓာမှာ ဘာတွေဖြစ်လာလဲဆိုတော့ ကိလေ သာတွေ၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ယူပြန်တာပဲ။ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးမှာ ပုဂ္ဂိုလ်သတ္တဝါတွေယူပြီး ကောင်းတာတွေလဲလုပ်တယ်၊ မကောင်းတာတွေလဲ လုပ်တယ်၊ ကုသိုလ်တွေလုပ်တော့လဲ ပုဂ္ဂိုလ်သတ္တဝါ အယူနဲ့လုပ်တော့ အဲဒီကုသိုလ်ကလဲ အကျိုးပေးရော ပုဂ္ဂိုလ်သတ္တဝါဖြစ်ပြန်ရော၊ မကောင်းတာတွေလုပ်လဲ

ပုဂ္ဂိုလ်သတ္တဝါအယူနဲ့လုပ်တော့ အကုသိုလ်ကံတွေ ဖြစ်၊ အဲဒီ အကုသိုလ်ကံတွေက အကျိုးပေးတော့ မကောင်းတဲ့နေရာမှာ ပုဂ္ဂိုလ်သတ္တဝါပဲ ပြန်ဖြစ်တာ ပဲ၊ အဲဒါကိုပဲ ဝဋ်သုံးပါးလည်တယ်လို့ဆိုတယ်။ ဒါဆို ဝဋ်သုံးပါးကိုနားလည်မယ်လို့ ထင်ပါတယ်။

## "ဝဋ်ကင်းတဲ့ကံက နိဗ္ဗာန်ပို့တယ်"

ဒီတော့ ပုဂ္ဂိုလ်သတ္တဝါအယူဆိုတဲ့ ကိလေသ ဝဋ်ကိုပယ်လိုက်တာနဲ့ ကိုယ်လုပ်တဲ့ကုသိုလ်၊ အကု သိုလ်ထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ဓါတ်တွေမပါ တော့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါဓါတ်တွေမပါရင် နောက်ဘဝ နောက်ခန္ဓာ ပုဂ္ဂိုလ်သတ္တဝါ မဖြစ်တော့ဘူး၊ ပုဂ္ဂိုလ် သတ္တဝါ အယူမရှိရင် အကုသိုလ်လည်း မလုပ်တော့ဘူး ပုဂ္ဂိုလ်သတ္တဝါအယူတွေရှိနေလို့ အကုသိုလ်တွေလုပ် နေတာ၊ လောဘ ဒေါသတွေဖြစ်နေတာ၊ ပုဂ္ဂိုလ် သတ္တဝါ အယူလဲမရှိရော လောဘ၊ ဒေါသ၊ မောဟ တွေငြိမ်းတော့ အလောဘ၊ အဒေါသ၊ အမောဟနဲ့

နေတော့ ကုသိုလ်တွေနဲ့နေတာပေါ့၊ အဲဒီကုသိုလ် တွေထဲမှာလဲ ပုဂ္ဂိုလ်သတ္တဝါအယူပါသေးလား၊ မပါ တော့ဘူး။ ပုဂ္ဂိုလ်သတ္တဝါအယူမပါတဲ့ ကုသိုလ်ကံက ဘယ်ပို့လဲ နိဗ္ဗာန်ပို့တယ်။

**"သတ္တဝါမရှိသောအသိသာ လိုရင်း"**

နိဗ္ဗာန်ကျ ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ ဘာဖြစ်လို့ လဲဆိုတော့ ပုဂ္ဂိုလ်အယူမပါဘဲ လုပ်တဲ့ကုသိုလ်ဖြစ်တဲ့ အတွက် အဲဒီကုသိုလ်ကံကလဲ အကျိုးပေးရော ပုဂ္ဂိုလ် သတ္တဝါမရှိတဲ့ နိဗ္ဗာန်ရောက်သွားတာပဲ၊ နောက်ဘဝ နောက်ခန္ဓာ ငြိမ်းသွားတာပဲ၊ အဲဒါ နိဗ္ဗာန်ရောက် တာပဲ၊ တရားသဘောက အလွန်ရှင်းတာ၊ အဲဒါ မြတ်စွာဘုရားရဲ့ဒေသနာ (concept)ပဲ၊ ဒီတော့ ပုဂ္ဂိုလ်သတ္တဝါမယူဘဲ့သာ ကျွန်တော်တို့ ကောက်ချက် ဆွဲလိုက်၊ ပြီးတာတွေ ပြန်သုံးသပ်ကြည့်၊ ပုဂ္ဂိုလ်သတ္တဝါ အယူမယူဘဲ့သာ အဓိကကျတယ်။ ဒါကြောင့်မို့ ပခုက္ကူဆရာတော်ဘုရားကြီးက "သတ္တဝါမရှိသော

အသိသာ လိုရင်းဖြစ်သည်”လို့ဟောကြားတာ၊ အခုမှ အဓိပ္ပါယ်က ပိုပေါ်သွားတယ်၊ ဆရာတော်ကြီးဟောတဲ့ တရားက ကိလေသဝဋ်ပယ်ဘို့သာလိုရင်းပဲ၊ ဒီတော့ ကိလေသဝဋ်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ယူတာ၊ သတ္တဝါအယူပယ်ဘို့ ဘာလုပ်ရမလဲ၊ ဒါလာပြီ၊ ကိလေသာဝဋ်ပယ်ဘို့ ဘာလုပ်ရမလဲ။

## “အရှိကိုအရှိတိုင်းသိရမယ်”

ပထမဆုံး ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ကို ကျွန်တော်တို့ ပိုင်းခြားသိရမယ်၊ ဝဋ်သုံးပါးကို သိရမယ်။ အဲဒီဝဋ်သုံးပါးဆိုတာ ဘာလဲသိလား ပဋိစ္စသမုပ္ပါဒ်ပဲ၊ ပဋိစ္စသမုပ္ပါဒ်ကို ဒီလိုလည်းသိနိုင်တာပဲ၊ အခုပြော သွားတာတွေက ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဒီတော့ ကိလေသ ဝဋ်ပယ်ဘို့ သတ္တဝါအယူပယ်ဘို့ ဘာလုပ်ရမလဲ၊ ကျွန်တော်တို့ ခန္ဓာမှာ အရှိကိုအရှိတိုင်း ဟုတ်တိုင်း မှန်စွာသိရမယ်၊ နံပါတ်တစ်က ခန္ဓာရဲ့ အရှိသဘောကို ဟုတ်တိုင်းမှန်စွာသိ၊ ဘယ်လိုသိရမှာတုန်း၊

အခက်ကြီး မဟုတ်ဘူး၊ မျက်စိကမြင်တယ် မနောက သိတယ်၊ နားကကြားတယ် မနောကသိတယ်၊ လျှာက စားတယ် မနောကသိတယ်၊ ကိုယ်ကထိတယ် မနော ကသိတယ်၊ အဲဒီနှစ်ခုနှစ်ခုကို ပိုင်ခြားမြင်အောင် ကြည့်၊ အခုကျွန်တော်တို့ မြင်လိုက်၊ ကြားလိုက်၊ နံ လိုက်၊ စားလိုက်၊ ထိလိုက်ရင်၊ အဲဒီလို နှစ်ခုပိုင်းခြားမ သိဘူး၊ တစ်ခုထဲအနေနဲ့လုံးသိတယ်၊ ဒီတော့ ဥပမာ ပေးမယ်၊ dog (ဒေါ့)လို့ ကြားရင် နားက (ဒေါ့)ပဲ ကြားတယ်၊ နားက'ခွေး'လို့ မသိဘူး။ ခွေးလို့သိတာ မနောက သိတာ၊ သေချာစဉ်းစားနော်၊ ကိုယ်တိုင်သိ အောင်လုပ်၊ သူများပြောနဲ့ မယုံနဲ့၊ နားက 'ဒေါ့'ဆို 'ဒေါ့'ပဲ ကြားတာကို သေချာသိအောင်လုပ်ရမယ်။

## "နားကကြားတယ် မနောကသိတယ်"

နားကခွေးလို့မသိဘူး၊ မနောကမှ ခွေးလို့သိ တယ်၊ မနောကခွေးလို့သိတဲ့အခါမှာ မနောက ဘယ်လို ကြီးသိသွားတာတုန်း၊ နှုတ်သီးရယ်၊ အမြီးရယ်၊

ခြေလေးချောင်းရယ်၊ သတ္တဝါ အနေနဲ့ သိတာနော်၊ မနောကသိရင် သတ္တဝါအနေနဲ့သိတာ၊ နားက 'ဒေါ့ဆို ဒေါ့ပဲ' ကြားတာ၊ သတ္တဝါအနေနဲ့ သိတာမဟုတ်ဘူး၊ 'ဒေါ့'ဆိုတာအသံပဲ၊ နားက ဒေါ့ဆိုတဲ့ အသံကလွဲပြီး ဘာမှအပိုမသိဘူး၊ သတ္တဝါအသိမျိုး နားမှာမရှိဘူး၊ အမိကပြောချင်တာက အသံ'ဒေါ့'ပဲ နားကကြား တယ်။ သူ့မှာ သတ္တဝါလို့သိနိုင်တဲ့ အစွမ်းမရှိဘူး၊ ဘာလို့လဲဆိုတော့သူ့မှာ အဝိဇ္ဇာ-တဏှာ-ဥပါဒါန် မရှိလို့ဘဲ၊ သတ္တဝါလို့သိတဲ့ ကိလေသဝဋ်က နားမှာ မရှိဘူး၊ နားက ဝိပါကဝဋ်၊ အကျိုးတရားကြီး အတိတ် ဘဝက ကံတွေလုပ်ခဲ့တဲ့ အကြောင်းတွေကြောင့် အခုဘဝမှာ နားဆိုတဲ့အသံနဲ့ထိရင် ကြားမှုလေး လာလာဖြစ်တာ အကျိုးတရားအနေနဲ့ပေါ့၊ ဒီတော့ 'ဒေါ့'လို့ ကြားလိုက်တာကဘာတုန်း 'အသံ'ကိုသိတာ၊ ဒီတော့ နားမှာ 'ဒေါ့'ဆိုတဲ့အသံကို သိသွားတာပဲ၊ နားမှာ သတ္တဝါအသိမျိုးဘယ်တော့မှ မရှိဘူး။

## “နားမှာနာမ်ရုပ် မနောမှာသတ္တဝါ”

နားဆိုတာ အသံနဲ့တွေ့ရင် အဲဒီအသံကို သိသွားတာပဲ၊ အသံကရုပ်၊ သိတာကနာမ်၊ ဒီတော့ နားမှာဘာပဲရှိတုန်း၊ ရုပ်နာမ်ပဲရှိတယ်၊ သတ္တဝါ အသိမရှိဘူး၊ (ဒေါ့ဆိုဒေါ့ပဲ) ကြားတာပဲ၊ သတ္တဝါ အသိကဘယ်ကျမှ ဖြစ်တာလဲဆိုတော့ မနောကျမှ ဖြစ်လာတယ်။ ‘ဒေါ့’ဆိုခွေးလို့သိတာ၊ ခွေးဆိုတာ နှုတ်သီးရော၊ အမြီးရော၊ ခြေလေးချောင်းရောပေါ်သွားတယ်၊ မနောကျမှ သတ္တဝါအသိဖြစ်သွားတာ၊ ဒီတော့ သတ္တဝါလို့သိတာ ခုနတုန်းကပြောခဲ့ပြီ၊ ကိလေ သာဖြစ်သွားတာပဲ၊ မနောမှာ ကိလေသဝဋ်ပါသွားပြီ၊ နားမှာ ဝိပါကဝဋ်နာမ်ရုပ်ပဲ၊ နဲနဲစဉ်းစားကြည့်၊ နားက ‘ဒေါ့’အသံထက်ဘာမှအပိုမသိဘူး၊ သတ္တဝါလို့ မသိဘူး၊ သတ္တဝါလို့သိတာ မနောကျမှဖြစ်တာ၊ နားမှာ သတ္တဝါအသိမရှိဘူး၊ ဒါကြောင့် နားက ဝိပါကဝဋ် နာမ်ရုပ်ပဲ၊ ကိလေသဝဋ်ကိုပယ်ဘို့ဆိုတာ ဘာလုပ်ရ မှာလဲ မနော

မှာ သတ္တဝါအသိကို ပယ်ရမှာ။

**"သတ္တဝါအသိကိုပယ်ရမယ်။"**

ဒီတော့ ဘယ်လိုပယ်မလဲ၊ ဒေါ့လို့ကြားရင်၊ ဒေါ့ဆိုတာဘာတုန်း၊ (နာမ်ရုပ်) နားမှာသိတဲ့အတိုင်း မနောကလိုက်သိအောင်လုပ်တာ၊ ဒေါ့ဆိုရင် အဲဒီ ဒေါ့ အတိုင်း မနောကသိမယ်ဆိုရင် သတ္တဝါအသိမပါ တော့ဘူး၊ ဒေါ့ဆိုတာ နာမ်ရုပ်ပဲ ခွေးမဟုတ်ဘူး။ နားကကြားတာ ခွေးမကြားဘူး၊ နားကကြားတာ ခွေးဆိုတဲ့ သတ္တဝါအသိမပါဘူး။ dog 'ဒေါ့'ဆိုတဲ့ အသံကြားရင် အဲဒီ 'ဒေါ့'မှာ သတ္တဝါသဘောမပါဘူး။ နားထဲဝင် ကတည်းက သတ္တဝါသဘောမှ မပါဘဲနဲ့၊ အဲဒီသတ္တဝါသဘောမပါတဲ့အတိုင်းသိမှ အရှိကို အရှိအတိုင်း မနောကသိတယ်။

**"ယထာဘူတဉာဏ်"**

နားမှာ ကြားကတည်းက သတ္တဝါသဘော မျိုးပါတယ်ဆိုရင် မနောက သတ္တဝါသဘောမျိုး လိုက်

သိ၊ မှန်တယ်၊ ဒါကအရှိကိုအရှိတိုင်းသိတာ၊ အခု နားထဲဝင်လာတဲ့အသံက ဘယ်သတ္တဝါသဘောမှ ပါတာ မဟုတ်ဘူး၊ ဒေါ့ဆိုတဲ့အသံချည်းပဲဝင်လာတာ၊ သတ္တဝါသဘောမပါဘူး၊ သတ္တဝါသဘောမပါရင်၊ သတ္တဝါသဘောမပါတဲ့အသိအတိုင်း မနောက လိုက် သိရမယ်၊ ဒါမှ အရှိကိုအရှိတိုင်းသိတာ၊ ဒီမှာ အရှိကို အရှိအတိုင်းသိတယ်ဆိုတဲ့ တစ်လုံးက တော်တော် အရေးကြီးတာ၊ ယထာဘူတဉာဏ်လို့ဆိုတယ်။

## "မနောကလိမ်ပြီ ကောက်ပြီ"

နားမှာ ရုပ်နာမ်သဘောပဲရှိတယ်၊ 'ဒေါ့'ဆိုတဲ့ အသံကရုပ်၊ အဲဒီအသံကို သိတာနာမ်၊ ဒီတော့ နားမှာ ရုပ်နာမ်ပဲရှိတယ်၊ နားမှာ ရုပ်နာမ်ပေါ်လို့ ရုပ်နာမ် အတိုင်း အသိလိုက်ရင် အရှိကိုအရှိအတိုင်း သိတယ်၊ အမှန်အတိုင်းသိတယ်၊ နားမှာဝင်လာတဲ့ ဒေါ့ဆိုတာက သတ္တဝါသဘောမှ မရှိတာ၊ မနောရောက်မှ နွတ်သီး ရယ်၊ အမြီးရယ်၊ ခြေလေးချောင်းရယ်ဆိုတဲ့ သတ္တဝါ

အသိဖြစ်သွားတာ၊ ဒါဆို မနောက ဘာဖြစ် သွားလဲ၊ မှားသွားတယ်၊ လိမ်ပြီပေါ့ ကောက်ပြီပေါ့၊ ကိုယ့်ကိုယ်ကို လိမ်မှန်း ကောက်မှန်းကိုမသိဘူး၊ သူများသာ လိမ်တယ် ကောက်တယ်ချည်းပြောနေကြတာ၊ မြင်လား၊ ကိုယ့်မနောက ကိုယ့်လိမ်နေတာ။

**"အသံခွေးနဲ့သတ္တဝါခွေး"**

ဒါကိုရှင်းအောင်ပြောမယ်၊ မြန်မာလိုပြောပြမယ်၊ တဖြေးဖြေးမြန်မာလိုသင်ရတာ၊ မြန်မာလိုကျ ခွေးလို့ ပြောရင် ခွေးဆိုတာအသံပဲ၊ နားမှာ ခွေးဆိုတဲ့ အသံကိုသိတာပဲရှိတယ်၊ သတ္တဝါသဘောမျိုး မသိသေးဘူး၊ မနောရောက်မှ အဲဒီ(အသံခွေး)က ဘာဖြစ်သွားလဲ၊ (သတ္တဝါခွေး)ဖြစ်သွားတယ်၊ မြန်မာလိုကျတော့ ဒီ(၂)ခုက တူနေသလိုဖြစ်တော့ မနဲ ပိုင်းခြားရတယ်၊ အင်္ဂလိပ်လိုကျ ဒေါ့နဲ့ခွေးက သဘောပေါက်လွယ်တယ်၊ မနောကျမှခွေးလို့ယူတာ အားလုံးသိတယ်။ နားမှာဒေါ့ဆို ခွေးလို့မကြားဘူး၊ မြန်မာလို

ကျတော့ ခွေးဆိုရင် နားမှာ ခွေးဆိုတဲ့အသံ သဘော မျိုးပဲသိတယ်၊ သတ္တဝါသဘောမပါဘူး။ မနောကျမှ သတ္တဝါ သဘောမျိုးယူတယ်ဆိုတာ ပိုင်းခြားသိဘို့ ဘယ်လောက်ခက်သွားလဲ၊ ဒါပေမဲ့ အဲဒီလို ပိုင်းခြား သိရမယ်၊ နားက ခွေးဆိုတဲ့သဘောမှာ ကြားရုံ သက် သက်ပဲ၊ အသံခွေးကိုကြားရုံ သက်သက်ပဲ၊ နားမှာ သတ္တဝါအသိ မျိုးမရှိဘူး၊ အသံခွေးကို ကြားရုံမျှ ကြားကာမျှသဘောမျိုးပဲ၊ သတ္တဝါအသိမပါသေးဘူး၊ သတ္တဝါအသိ သတ္တဝါခွေးက မနောကျမှဖြစ်တာ။

## "ကြား၊ ကြားတယ်မှတ်ဆိုတာ"

ဒါကြောင့်မို့လို့ မဟာစည်ဆရာတော်ဘုရား ကြီးက ကြား ကြားတယ်မှတ်ဆိုတာ အဲဒါပြောတာ၊ ကြားရင်ကြားတယ်ဆိုတာ ခွေးလို့ကြားလိုက်ရင် သတ္တဝါအသိမပါတဲ့သဘောမျိုးကို မှတ်ရမယ်၊ ကဲ ဘယ်လောက်ခက်လဲ၊ ဘယ်လောက်နက်လဲ၊ ကြား ကြားတယ်မှတ်ဆိုတာ၊ အဲဒီကျမှ ကိလေသဝင်မှုကို

ပယ်နိုင်တဲ့ ဝိပဿနာထိုက်မှာပေါ့၊ အခု ကျွန်တော်တို့ ကြား ကြားတယ်မှတ်ဆိုတာ သတ္တဝါအသိတွေပါ ပြီးတော့ လိုက်မှတ်နေတာလေ၊ ကဲ အဲဒါ ဘယ်လိုလုပ် ကိလေသဝဋ်ကို ပယ်တယ်မည်မလဲ၊ ဝိပဿနာ ထိုက်တယ်လို့ ဘယ်လိုပြောမလဲ၊ ဒီတော့ ကြား ကြား တယ်မှတ်ဆိုတာ ရိုးရိုးမဟုတ်တော့ဘူး၊ နားအတိုင်း သတ္တဝါအသိသဘောမျိုး မပါအောင်မှတ်ရမယ်၊ ခွေးဆိုတာနားမှာကြားရုံလေးပဲ၊ အဲဒါကို ကြားကာ မတ္တလို့ ခေါ်တယ်၊ ကြားကာမတ္တဆိုတာ သတ္တဝါ အသိသဘောမျိုး မပါဘူး၊ အဲဒီအထိသိရမယ်။

## "မနောက သတ္တဝါလို့သိတယ်။"

နားတွေ မျက်စိတွေမှာ သတ္တဝါအသိ သဘော မျိုး မပါဘူး၊ သတ္တဝါလို့မသိဘူး၊ မနောက သတ္တဝါလို့ သွား သွားယူလို့ ကိလေသာတွေ ဖြစ်နေတာ၊ မျက်စိ မြင်တဲ့အတိုင်း နားကြားတဲ့အတိုင်း မနောကသိရင် သတ္တဝါအယူ လွတ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်

က လျှာပေါ်မှာ ဘယ်ကြက်သား၊ ဝက်သား၊ ကော်ဖီ၊ လက်ဘက်ရည်မှ မပေါ်ဘူး၊ ပေါ်တာက အရသာ၊ ချိုတာ၊ ချဉ်တာ၊ ငန်တာ၊ ဖန်တာအရသာ၊ အရသာက ရုပ် သိတာကနာမ်ပဲရှိတယ်၊ အဲဒီအတိုင်း မနောက လိုက်သိရမယ်လေ၊ အခု ကြက်သား၊ ဝက်သား တွေ သိနေတယ်ဆိုတော့၊ လျှာက ကြက်သား၊ ဝက်သား၊ ကော်ဖီ၊ လက်ဘက်ရည် မသိဘူး၊ အဲဒါမနောက သိတာ၊ သတ္တဝါသိ၊ ဒါကြက်သား၊ ဒါဝက်သား ဟုတ်လား၊ ဒီတော့ ကြားတာနဲ့ စားတဲ့အပေါ်မှာက သင်ရတာနဲနဲ လွယ်တယ်၊ နောက်ကျန်တာတွေလဲ သိလာမယ်၊ ထိတာလဲလွယ်ပါတယ်၊ ကြားတာနဲ့ စားတာ ဒီနှစ်ခု သဘောပေါက်ရင် ထိတာတွေမှာလဲ ပုဂ္ဂိုလ်သတ္တဝါမပါအောင် သတိပြုမိလာပါလိမ့်မယ်၊ စားပွဲတို့ ထိုင်ခုံတို့မသိတော့ဘူး၊ ထိတာနဲ့သိတာကို တဖြေးဖြေးသဘောပေါက်သွားမယ်။ ဒီလိုသိလာရင် ကိလေသဝဋ်ကို ပယ်ပါလား၊ ကိလေသဝဋ်ပယ် လိုက်

တာနဲ့ ကမ္မဝဋ်ချုပ်၊ ဝိပါကဝဋ်ချုပ်၊ ဒါဆိုပြီးပြီလေ၊ အဲဒီဝဋ်သုံးပါး ချုပ်တာ နိဗ္ဗာန်ဘဲ၊ နိဗ္ဗာန်ဆိုတာကို နားမလည်နိုင် မသိနိုင် မမီနိုင်လောက်အောင် ကိုယ်နဲ့ အလှမ်း အဝေးကြီးမဟုတ်တော့ဘူး။

## "သတိနဲ့နာမ်ရုပ်"

ဒီတော့ နားမှာ ဒေါ့ဆိုတာဘာတုန်း နာမ်ရုပ်ပဲ၊ ဒါပြန်ကောက်ပြီ၊ ဒေါ့ဆိုတဲ့အသံကရုပ်၊ ကြားတာက နာမ်၊ အသံကိုနားမှာကြားတာ နာမ်ရုပ်ပဲ၊ ဒါကို သတိ ထားလိုက်ပါ၊ အော်-နားမှာ နာမ်ရုပ်ပေါ်တာလို့ သတိရှိလိုက်တာနဲ့၊ မနောမှာသတိဝင်လိုက်တာနဲ့ အရင်က သတ္တဝါလို့ယူထားတဲ့ အဝိဇ္ဇာ-တဏှာ-ဉပါဒါန်ကိုပယ်နိုင်တာပဲ၊ ကိလေသဝဋ်ကို အကျဉ်းချုံ့ယူရင် ဉပါဒါန်ပဲ၊ ဉပါဒါန်ကို သတိနဲ့ပယ်လိုက်တာပဲ၊ သတ္တဝါလို့စွဲနေတာကဉပါဒါန်၊ သတိက နာမ်ရုပ်ပေါ်ပါလားလို့သိတာနဲ့ ဉပါဒါန်ကို ပယ်ပြီးသားဖြစ်ပြီ၊ ဉပါဒါန်ကို သတိကပယ်လိုက်တာနဲ့ ကံကချုပ်

ပြီ၊ ကမ္မဝဋ်ချုပ်ပြီလေ။

**“ဥပါဒါန်၊ သတိ၊ နာမ်ရုပ်၊ ကံချုပ်”**

သတိရယ်၊ နာမ်ရုပ်ရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်၊ သတိရှိလိုက်တာနဲ့ နာမ်ရုပ်ပေါ်သွားပြီ၊ နာမ်ရုပ်ပေါ်တာနဲ့ သတ္တဝါအယူ ဥပါဒါန်ပယ်ပြီ၊ ဒါဆို ဥပါဒါန် ချုပ်တာနဲ့ကံချုပ်ပြီ။ သတိကမဂ္ဂ၊ နာမ်ရုပ်က ဒုက္ခ၊ ဥပါဒါန်ကသမုဒယ၊ ကံချုပ်တာနိရောဓ၊ သစ္စာဝင်ပြီလေ၊ အဲဒါ ဝိပဿနာအမြင်ပဲ။

**“နှလုံးသွင်းမှားနဲ့ နှလုံးသွင်းမှန်”**

‘ဒေါ့’လို့ကြားတဲ့ကိစ္စမှာအသံနဲ့သိတာလေးပဲ၊ ခွေးဆိုတဲ့သတ္တဝါအသိသဘောမျိုးကြီးကမနော ကျမှ ဖြစ်ဖြစ်နေတာ၊ မနောက အဲဒါကြီးကို စွဲနေပြီ၊ ဥပါဒါန်နဲ့စွဲနေပြီ၊ အဲဒီအစွဲတွေနဲ့ နှလုံးသွင်းတာကို အယောနိ သောမနသိကာရ (နှလုံးသွင်းမှားတယ်)လို့ ခေါ်တယ်။ အဲဒီအစွဲတွေအတိုင်း ကျွန်တော်တို့က လိုက်လိုက် နှလုံးသွင်းတာ၊ နားမှာပေါ်တဲ့အတိုင်း

နှလုံးသွင်းလိုက်လို့ရှိရင်သတ္တဝါသဘောမျိုးမပါတော့ဘူး၊ မပါရင် ယောနိသော မနသိကာရ နှလုံးသွင်းမှန်တယ်။ ဒီတော့ သတိရှိပြီး နာမ်ရုပ်ကို သိမြင်လို့ရှိရင် ယောနိသော မနသိကာရ နှလုံးသွင်းမှန်သွားပြီ၊ အရှိကိုအရှိအတိုင်း နှလုံးသွင်းတာလေ၊ အရှိအတိုင်း နှလုံးသွင်းမှန်သွားပြီ၊ ယောနိသောမနသိကာရ ဖြစ်လိုက်တာနဲ့ အစွဲ ဥပါဒါန် ကိုပယ်ပြီ၊ ဥပါဒါန်ကြောင့်ဖြစ်တဲ့ကံလဲချုပ်ပြီ၊ သစ္စာ လည်းဝင်သွားတယ်၊ ဒါက ဝိပဿနာရဲ့အခြေခံပါပဲ။

## "ဝိပဿနာနဲ့ဝင်(၃)ပါး"

ဒီအခြေခံကိုသိလို့ရှိရင် နှလုံးသွင်းတတ်သွားပြီ၊ ဝိပဿနာလမ်းကြောင်း၊ သမ္မာဒိဋ္ဌိလမ်းပေါ်တက်သွားပြီ၊ သမ္မာ အမှန်၊ ဒိဋ္ဌိ မြင်သွားပြီး (right view) ရသွားပြီ၊ (right understanding) ဖြစ်သွားပြီ၊ ဒီတော့ အခြေခံအားဖြင့် သတိကိုသိရမယ်၊ နာမ်ရုပ်ကို သိရမယ်၊ ဥပါဒါန်ကိုသိရမယ်၊ ဥပါဒါန်ကြောင့်ကံ

တွေ ဖြစ်တာကိုသဘောပေါက်ရမယ်၊ ဒီလောက် သဘော ပေါက်ရင် မဆိုးပါဘူး၊ အကျဉ်းချုပ် သဘောကို သိမ်းဆည်းနိုင်ပါပြီ၊ နားနဲ့မနော၊ မျက်စိနဲ့မနော၊ နှာခေါင်းနဲ့မနော၊ လျှာနဲ့မနော၊ ကိုယ်နဲ့မနော မခွဲခြားတတ်လို့ကတော့ ဝိပဿနာကို ဘယ်လိုရှုမလဲ၊ ကြား၊ ကြားတယ်မှတ် တစ်လုံးရဲ့အဓိပ္ပါယ်ကို နားလည်ဘို့ကို တော်တော်ခက်တာ၊ သတ္တဝါအသိမပါအောင် မှတ်ရမှာ၊ အဲဒီလိုသတ္တဝါအသိမပါမှ ကိလေသာကို ပယ်နိုင်တာပေါ့၊ ကိလေသာပယ်နိုင်မှလဲ ကိလေသဝဋ်ချုပ်၊ ကမ္မဝဋ်ချုပ်၊ ကမ္မဝဋ်ချုပ်မှလဲ နောက်ဘဝ နောက်ခန္ဓာဆိုတဲ့ ဝိပါကဝဋ်ချုပ်မှာပေါ့၊ အဲဒီတော့မှ ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်ကြီးငြိမ်းမှာပေါ့၊ ဝဋ်သုံးပါးကြီး ငြိမ်းသွားတာကိုပဲ နိဗ္ဗာန်ဆိုတာပါပဲ။

## "မျက်စိကမြင်တယ် မနောကသိတယ်"

ဥပမာတစ်ခုပြောမယ်၊ စာဖတ်ကြည့်ပါ၊ မျက်စိကမြင်ရုံသာမြင်တာ စာမဖတ်တတ်ဘူး၊ မနောက

စာဖတ်တာ၊ မနောကစာဖတ်ပြီး အဲဒီစာထဲက မင်းသားတွေ မင်းသမီးတွေ သူကအကုန်သိသွားတာ။ စာဖတ်ကြည့် စာကပို့ရှင်းတယ်။ TV-ကမှ ရုပ်တွေ မြင်နေလို့ နဲနဲရှုပ်ဦးမယ်၊ စာမှာ ဘယ်ပုဂ္ဂိုလ်သတ္တဝါမှ မမြင်ရဘူး၊ ဒါပေမဲ့ ကိုယ့်မနောမှာ မင်းသားတွေရော၊ မင်းသမီးတွေရော အကုန်သိသွားတယ်။ မျက်စိက စာကလွဲလို့ ဘာမှမမြင်ရဘူး၊ တကယ်ဆို မျက်စိက စာလဲမသိပါဘူး၊ သူက အရောင်သဘောပဲသိတာ၊ ကာလာ (colour)အရောင်ကို မြင်ကာမျှပဲ၊ မျက်စိက "က"လဲ မသိဘူး "ခ"လဲ မသိဘူး၊ သမာဓိလေးနဲ့ သေသေချာချာစူးစိုက်ကြည့်ပါ။ မနောက အဲဒီ "က" "ခ"တွေကို သညာနဲ့မှတ်ပြီး သူကပုံဖေါ်သေးတယ်၊ ဒီတော့ ပုဂ္ဂိုလ်တွေသတ္တဝါတွေ ဖြစ်သွားရော၊

**"ပါရမီဆိုတာ"**

ဒီတော့ မျက်စိမြင်တာက ကာလာအဆင်းပေါ့၊ ဒါကိုသိတာက စက္ခုဝိညာဏ်ပဲ၊ မျက်စိက ဒီထက်

ဘာမှ အပိုမသိဘူး၊ ကာလာ အဆင်းကရုပ်၊ အဲဒီရုပ် အဆင်းတွေကို သိတာကနာမ်၊ ဒါပဲ သေသေချာချာ ဆင်ခြင်စဉ်းစားကြည့်ပါ၊ အတိတ်ဘဝတွေက အား ထုတ်ခဲ့လို့ရှိရင် ချက်ချင်း သိမြင်သွားနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ပါရမီရင့်ကျက်တဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ အရှင်စူဠပန္ထကဆိုတာ၊ မဟာပန္ထကဆိုတဲ့ ရဟန္တာကြီးရဲ့ ညီငယ် ဝါတွင်းသုံးလမှာ ဂါထာလေးနှစ်ပိုဒ်မရဘူး။ ဉာဏ်ကထိုင်းတယ်၊ ဒီတော့ မင်းကကွာ ဘုရားသာသ နာမှာ ပါရမီမပါဘူးထင်ပါတယ်၊ မင်းလူထွက်တော့ ဆိုတော့၊ ကျောင်းအပြင်လဲထွက်ရော မြတ်စွာဘုရားနဲ့ တွေ့တယ်၊ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်နဲ့ သိ တာပေါ့၊ တရားရမယ်ဆိုတာ၊ မင်းမထွက်နဲ့ ရော့- ပုဝါအဖြူလေးပေါ့၊ ပုဝါဖြူလေးကိုပွတ်ရင်းနဲ့ 'ရဇော ဟရဏံ'ကို ရွတ်ဆိုနေရင်း အရင်ဘဝတွေမှာ ဖြည့် ဆည်းခဲ့တဲ့ပါရမီကြောင့် ရဟန္တာဖြစ်သွားတယ်။ ပါရမီဆိုတာ ဘုရားရှင်ကလွဲလို့ ဘယ်သူ ဘာနဲ့တရား

ရမယ်ဆိုတာ မသိနိုင်ပါဘူး။

ဒီနေ့ပြောတာ ကိုယ်လုပ်တဲ့ဝိဿနာ လုပ်ငန်းစဉ်ရော၊ ဒေသနာသဘောရော၊ ဝင်္ဂသုံးပါးဆိုတာ ဒေသနာပါပဲ၊ ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဒီအပေါ်မှာ လက်တွေ့လုပ်ငန်းစဉ် ဘာလုပ်မလဲ၊ ကြား-ကြားတယ်မှတ်က ဘယ်လိုလဲ၊ သတ္တဝါမရှိသောအသိပါအောင် ကြား-ကြားတယ်မှတ်ပါ။

ပခုက္ကူဆရာတော်ဘုရားကြီးက **'ပုဂ္ဂိုလ်မယူ နာမ်ရုပ်ယူ ထိုသူဥပါဒါန်ကင်းသတည်း'**တဲ့၊ ဒါတွေပြန်စဉ်းစားကြည့်တော့ ပုဂ္ဂိုလ်မယူဆိုတာ ပုဂ္ဂိုလ်အယူမယူတော့ဘူး၊ နာမ်ရုပ်ယူဆိုတာ အရှိကို အရှိအတိုင်း နာမ်ရုပ်ကိုသိမြင်သွားပြီ၊ ထိုသူဥပါဒါန်ကင်းသတည်းတဲ့၊ ဥပါဒါန်ချုပ်တော့ ကံချုပ်တာပဲ၊ ဘယ်လောက်ကောင်းလဲ၊ ဒါပေမဲ့ ဒီစကားလုံးတွေကို သိမြင်နိုင်ဘို့က ခက်လည်းခက်တယ်၊ နက်လည်းနက်တယ်။ ထိုးထိုးထွင်းထွင်းသိရမယ် ဆိုတာဒါပဲ၊

ပုဂ္ဂိုလ်မယူ နာမ်ရုပ်ယူဆိုတာ သတိပဲ၊ သတိရှိလိုက်တော့ 'ထိုသူ ဥပါဒါန်ကင်းသတည်း' ဖြစ်ရော၊ ဒီတော့ တရားအလုပ် အားထုတ် တယ်ဆိုတာ ဒါပါပဲ၊ ဟုတ်ပါပြီ အခုကျန်တဲ့ အချိန်လေးမှာ ဝင်လေထွက်လေမှာ သတိ-ဝီရိယ-သမာဓိတွေထူထောင်ကြမယ်။

ဒေါက်တာစိုးလွင် (မန္တလေး)